# (ကောယနော)
# တစ်လမ်းတည်းသာ

တို့
လိုအပ်မှုမှာ
မတူတာလည်း ရှိမယ်၊
တူတာလည်း ရှိမယ်။

တို့
ပေးနိုင်တဲ့အရာမှာလည်း
မဖြစ်နိုင်တာ ရှိတယ်၊
ဖြစ်နိုင်တာ ရှိတယ်။

တို့အားလုံး
တောင့်တကြတာက အမှန်။
မာယာဉာဏ် ဆင်ထားတဲ့
အမှားတွေ မဟုတ်ဘူး။

ဒီပွဲက
ပြိုင်ပွဲ တစ်ခုမဟုတ်လို့
မင်းရှုံးတယ် ငါနိုင်တယ်
မင်းမှန်တယ် ငါမှားတယ်
အငြင်းပွားနေဖွယ်လည်း မလိုပါဘူး။

မင်းလည်း မင်းအလုပ်လုပ်
ငါလည်း ငါ့အလုပ်လုပ်
လုပ်နေသူခြင်း အတူတူ
ဘယ်သူ့ ဘယ်သူမှလည်း
ပြိုင်ဆိုင်စရာလည်း မလိုပါဘူး။

သို့ပေမယ့်
တို့လုပ်နေတဲ့အလုပ်
တကယ်လုပ်သင့်တယ် တို့ထင်ဖို့။

တို့ပြောနေတဲ့စကား
တို့ရင်ထဲကလာတာ ဖြစ်ဖို့။

တို့စားနေတဲ့အစား
သမ္မာအာဇီဝကြ မျှတဖို့။

တို့လုပ်ရပ် တို့ဂုဏ်ယူ
နောင်တထူ မပူရဖို့။

ဖြူစင်မှု တစ်ခုတော့
တို့အားလုံး
တူညီစွာ ရှိဖို့လိုတယ်။ ။

အရှင်ဉာဏိကာဘိဝံသ
ကာလီဖိုးနီးယားတက္ကသိုလ်

